


EVER FLOW RIVER GROUP
PUBLIC CO., LTD.

# ကျွန်ုပ်တို့၏ မူလအစ

E.F.R. ကုမ္ပဏီကို ၁၉၉၈ ခုနှစ်တွင် ဥက္ကဌဖြစ်သူ ဦးကျော်လွင်ဦးမှ စတင်တည်ထောင်ခဲ့ပါသည်။ အကောက်ခွန် ရှင်းလင်းရေး အေးဂျင့်အဖြစ် ကနဦးဆောင်ရွက်ခဲ့သော ဦးကျော်လွင်ဦးသည် ကုန်စည် ထောက်ပံ့ ပို့ဆောင်ရေး လုပ်ငန်း၌ အတွေ့အကြုံ ၃၅ နှစ်ကျော် ရှိသူဖြစ်ပါသည်။ ဦးကျော်လွင်ဦးသည် အကောက်ခွန် ရှင်းလင်းရေး အေးဂျင့် အဖြစ် ၎င်း၏ အလုပ်အကိုင်ကို အစပြုခဲ့ပြီး မြန်မာနိုင်ငံ၏ အစောဆုံး ကွန်တိန်နာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် Operations Manager အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

နိုင်ငံတကာ ကုန်စည် သယ်ယူ ပို့ဆောင်ရေး၊ သင်္ဘောဖြင့် ကုန်ပို့ခြင်း၊ ကုန်စည် စီးဆင်းမှု စီမံခန့်ခွဲရေး တို့တွင် အတွေ့ အကြုံ နှင့် အဆက်အသွယ်များစွာ ရှိသော ဦးကျော်လွင်ဦးသည် အများနှင့်မတူ ဆန်းသစ်သော E.F.R. လုပ်ငန်းစုကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ပြီး ယနေ့ခေတ် ကုန်စည် သယ်ယူ ပို့ဆောင်ရေး နှင့် ကုန်စည် ထောက်ပံ့ရေး ကွင်းဆက်၌ အရေးပါသော လုပ်ငန်းစု တစ်ခု အဖြစ် ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။



ဆောင်ရွက်ရန်အချက်များ

ဦးတည်ချက်

စံနှုန်းတန်ဖိုးများ

## ကုမ္ပဏီ၏
# ဦးတည်ချက်

ကျွန်ုပ်တို့၏ ဦးတည်ချက်သည် ကျွန်ုပ်တို့ ပါဝင် ဆောင်ရွက်သော နိုင်ငံတကာ အဆင့် သို့မဟုတ် ပြည်တွင်း အဆင့် မည်သည့် လုပ်ငန်း ကဏ္ဍ တွင် မဆို ဦးဆောင် ကုမ္ပဏီ အဖြစ် ရပ်တည်ရန် ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တတပ်တအား အားဖြည့် ကူညီနိုင်သော နိုင်ငံသားများ ဖြစ်စေရန် ဦးတည်ချက် ထားပါသည်။

# ဆောင်ရွက်ရန်အချက်များ

ခေတ်မီနည်းပညာများ၊ ဖျတ်လတ်၊ တက်ကြွ၍ အရည်အချင်း ပြည့်ဝသောကျွမ်းကျင်သူများ/ဝန်ထမ်းများကို အသုံးပြု၍ လေးစား တန်ဖိုးထားရသော ကျွန်ုပ်တို့၏ Customer များအတွက် ကုန်စည် များ သယ်ယူပို့ဆောင်ပေး၍ ဘက်စုံ ဝန်ဆောင်မှုပေးရန် ရည်ရွယ် ပါသည်။ ကျွန်ုပ်တို့နှင့် အကျိုးသက်ဆိုင်သူများ အားလုံးက စိတ် ကျေနပ်မှု ရှိစေရန် မျှတမှန်ကန်မှု၊ တည်ကြည် ဖြောင့်မတ်မှုတို့ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပါမည်။

# OUR CORE **VALUE**

## E
## EFFECTIVE

### အကျိုးထိရောက်မှု

ကျွန်ုပ်တို့၏ လုပ်ငန်းစွမ်းဆောင်ရည်ကို ပုံမှန်အကဲဖြတ်ခြင်း၊ ရလဒ်များကို ရှင်းလင်းစွာအသိပေးခြင်း၊ အပြောင်းအလဲကို လိုအပ်သလို အကောင်အထည်ဖော်ခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည် စံနှုန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် အကျိုးထိရောက်မှုရှိအောင် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါသည်။

## F
## FAIRNESS

### မျှတမှန်ကန်မှု

မျှတမှန်ကန်မှု၊ ဖြောင့်မတ်တည်ကြည်မှု တို့အပေါ် ယုံကြည်ချက်ရှိပြီး ကျွန်ုပ်တို့နှင့် အကျိုးသက်ဆိုင်သူများကို အကျိုးအကြောင်းသင့် စိတ်ကျေနပ်မှု ပေးနိုင်ရန် ရည်ရွယ်ပါသည်။


## R
## RELIABILITY

### ယုံကြည်စိတ်ချရမှု

ကျွန်ုပ်တို့၏ customer များနှင့် ဝန်ထမ်းများ အတွက် ယုံကြည်စိတ်ချရသော လုပ်ငန်းဖက် ဖြစ်စေရန် မျှော်မှန်းပါသည်။ ပွင့်လင်းမြင်သာမှုနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့သည် ကျွန်ုပ်တို့၏ ဆက်ဆံရေးများကို ခိုင်မာအောင် တည်ဆောက်ပေးသည့် အရေးကြီးသော အချက်များ ဖြစ်ပါသည်။

EVER FLOW RIVER GROUP
PUBLIC CO., LTD.

# ကုမ္ပဏီဖွဲ့စည်းပုံနှင့်ဌာနများ



# ကုမ္ပဏီ၏ မှတ်တိုင်များ

## 1998

### EFR TRTG

၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့သော Ever Flow River Trading Co., Ltd. သည် လုပ်ငန်းစု၏ ပထမဆုံး ကုမ္ပဏီ ဖြစ်ပါသည်။ ပို့ကုန်/ သွင်းကုန် လုပ်ငန်း ရှင်များ အတွက် ကုန်သွယ်ရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်။

## 1999

### EFR GLE

EFR G Link Express Services Ltd. သည် ကုန်စည် သယ်ယူ ပို့ဆောင်ရေး ကို ဆောင်ရွက်သော လုပ်ငန်းစု၏ ပထမဆုံး ကုမ္ပဏီ ဖြစ်ပါသည်။ offers complete logistics solutions through international partners.

## 2000

### GSASL

Gold Shipping Agency Services Ltd., an E.F.R subsidiary established in 2000, introduced the Yangon-Kawthaung-Ranong route on 2024, with the MV. BEYPORE SULTAN, offering cost-effective and efficient shipping solutions.

## 2005

### MRTW

Myanmar Round The World Logistics Limited သည် ဒုတိယ တည်ထောင် သော လေကြောင်းဖြင့် ကုန်စည် သယ်ယူ ပို့ဆောင်ရေး ကုမ္ပဏီ ဖြစ်ပါသည်။ အဓိကကျသော လေကြောင်း လိုင်းများ အတွက် ကုန်စည် နှင့် အထွေထွေ အရောင်း အေးဂျင့် အဖြစ် ဆောင်ရွက်ပေးပြီး လေကြောင်းဖြင့် ကုန်စည် သယ်ယူ ပို့ဆောင်ရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်။

## 2011

### ECHO

"ဂျပန်နိုင်ငံရှိ Customer များကို ဦးတည်၍ အထည်ချုပ်လုပ်ငန်းများ အတွက် တိုးတက်လာသော အမှာစာများကို ဖြေရှင်းနိုင်ရန် MRTW Manufacturing & Inspection Company Ltd. ကို ဖွဲ့စည်းခဲ့ပါသည်။ "

## 2012

### GOC

Ever Flow River Group (Public) Limited ကို အများနှင့် မသက်ဆိုင်သော ကုမ္ပဏီ အဖြစ် ၂၀၁၂ တွင် ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ကုမ္ပဏီများ အားလုံးကို စုပေါင်း၍ အများနှင့် သက်ဆိုင် သော ကုမ္ပဏီ အဖြစ် ပြန်လည်ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။

## 2012

### UCS

UNISION CHOICE SERVICES LIMITED သည် လုပ်ငန်းစုက ဖွဲ့စည်းထားသော တတိယ အကြီးဆုံး ကုန်စည် ပို့ဆောင်ရေး ကုမ္ပဏီ ဖြစ်ပါသည်။ နာမည်ကြီး အဝတ်အထည် အမှတ်တံဆိပ်များ အတွက် အထည် အလိပ် သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို ဦးတည် ဆောင်ရွက် ပါသည်။

## 2014

### KAMIGUMI EFR

KMIGUMI EFR LOGISTICS MYANMAR COMPANY LIMITED. Kamigumi Japan နှင့် EFR တို့အကြား ဖက်စပ် ကုမ္ပဏီ အဖြစ် တည်ထောင်ခဲ့ပါသည်။ ပြည်တွင်း ဈေးကွက် သို့ သယ်ယူ ပို့ဆောင်ရေး ဝန်ဆောင်မှု ပေးရန် အဆိုပါ ကုမ္ပဏီကို ဖွဲ့စည်းခဲ့ပါသည်။

## 2016

### EFRLDCMDY

EVER FLOW RIVER LOGISTICS AND DISTRIBUTIONCENTER (MANDALAY) CO., သည် Future Trading ၊ Southern Island နှင့် EFR တို့ ဖက်စပ် တည်ထောင်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။ ရန်ကုန် နှင့် မန္တလေးကိုချိတ်ဆက်ပေးမည့် ကုန်သွယ်ရေး နေရာ အဖြစ် တည်ထောင်ရန် ရည်ရွယ်ပါသည်။

## 2019

### MEL

Myanmar Elite Logistics (MEL) သည် ၂၀၁၉ ခုနှစ် တွင် ဖွဲ့စည်းထားသော Ever Flow River Group ၏ ဖက်စပ် လုပ်ငန်း တစ်ခု ဖြစ်ပါသည်။ ပင်လယ် ရေကြောင်းနှင့် လေကြောင်း ကုန်စည် သယ်ယူ ပို့ဆောင်ရေးကို အထူးပြု ဆောင်ရွက်ပါသည်။ MEL သည် ကွန်တိန်နာ ဖြင့် သယ်ဆောင် ခြင်း၊ အရွယ်အစား ကြီးမားသော ကုန်စည်များကို သယ်ယူ ပို့ဆောင်ခြင်း၊ အပူချိန် ထိန်းညှိနိုင်သော သင်္ဘောဖြင့် သယ်ယူ ပို့ဆောင် ခြင်း၊ အကောက်ခွန် ရှင်းလင်းခြင်း၊ တရုတ်၊ ထိုင်း နိုင်ငံ၊ အခြား အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ် ဖြတ်ကျော် ကုန်သွယ်ရေး ဝန်ဆောင်မှုများကို ဆောင်ရွက် ပါသည်။ စွမ်းဆောင်ရည် ကောင်းမွန် သော အသင်းအဖွဲ့များ၏ ဦးဆောင်မှုဖြင့် MEL သည် နိုင်ငံတကာ ကုန်သွယ်ရေး စာမျက်နှာတွင် Customer စိတ်ကြိုက် ကုန်စည် သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။

## 2020

### E.F.R

E.F.R Group Public Company Limited သည် ၂၀၂၀ ခုနှစ် မေလ ၂၈ ရက် (ကြာသပတေးနေ့) တွင် Yangon stock Exchange (YSX) ၌ စာရင်းဝင်ခဲ့ပြီး အစုရှယ်ယာများကို အများ ပြည်သူသို့ တစ်ချိန် တည်းတွင် ကမ်းလှမ်း ရောင်းချခဲ့ပါသည်။

## 2020

### UN Global Compact

၂၀၂၀ ခုနှစ်မှစ၍ Ever Flow River Group Public Co. Ltd. သည် လူ့အခွင့်အရေး၊ အလုပ်သမား၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အဂတိလိုက်စား မှု တိုက်ဖျက်ရေး တို့နှင့် စပ်လျဉ်း၍ UN Global Compact ၏ စည်းမျဉ်း များကို လိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။

## 2022

### ERAVATI MYANMAR

၂၀၂၂ ခုနှစ် တွင် ဖွဲ့စည်း တည်ထောင်ခဲ့သော Eravati Myanmar သည် E.F.R Group ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခု ဖြစ်ပါသည်။ ရာဘာ ကုန်ကြမ်း များ ကုန်သွယ်ရေး တွင် ဦးဆောင် ကုမ္ပဏီ တစ်ခု ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရာဘာ ဈေးကွက် အပေါ် လွှမ်းမိုးမှုကို ဆက်လက် ချဲ့ထွင် နိုင်ခဲ့ပါသည်။

# 7 STANDARD BUSINESS UNITS OF E.F.R.

## EFR Glink

E.F.R G-Link Express Services Ltd. သည် E.F.R Group ၏ ဦးဆောင် လက်အောက်ခံ ကုမ္ပဏီ တစ်ခု ဖြစ်ပါသည်။ နိုင်ငံတကာတွင် ခိုင်မာသော နေရာ တစ်ခု ရရှိထားပြီး 3PL နှင့် 4PL ကုန်စည် သယ်ယူ ပို့ဆောင်ရေးကို အထူးပြု ဆောင်ရွက်ပါသည်။ ကုမ္ပဏီသည် အထူး ကုန်စည်များကို စနစ်တကျ ကိုင်တွယ် ပို့ဆောင်ခြင်း၊ အကောက်ခွန် ရှင်းလင်းခြင်း၊ ကုန်စည်များကို ပို့ဆောင်ရမည့် နေရာအထိ ရောက်ရှိစေရန် ဘက်စုံ ဝန်ဆောင်မှုပေးခြင်း စသည့် လုပ်ငန်းများ တွင် ကျွမ်းကျင်မှု ရှိခြင်းကြောင့် နာမည် ကျော်ကြားပါသည်။ ခိုင်မာသော နာမည် ဂုဏ်သတင်းကို တည်ဆောက်နိုင်ပြီး အစဉ်တစိုက် အားပေးသော Customer များ ကိုလည်း ရရှိထားပါသည်။ E.F.R G-Link သည် အထည်အလိပ် နှင့် အထွေထွေ ကုန်စည်များ အတွက် Customer များ၏ ကုန်စည်များကို စုပေါင်း ပို့ဆောင်သည့် ဝန်ဆောင်မှုကို အစပြု ဆောင်ရွက်ခဲ့ပြီး ဝယ်သူထံမှ သယ်ယူခ ကောက်ခံသည့် လုပ်ငန်းစဉ်ကို အကျိုးထိရောက်စွာ စီမံခန့်ခွဲနိုင်ပါသည်။ တင်ပို့မှုတွင် အီးယူ နိုင်ငံ များသို့ အထည်အလိပ်၊ ဆန်စပါး၊ အိန္ဒိယသို့ ပဲအမျိုးမျိုး တင်ပို့ပြီး တရုတ်မှ ရုရှား၊ ကမ္ဘောဒီးယားသို့ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေး လမ်းကြောင်းများကို ဆောင်ရွက် ပါသည်။











## A Logistics

A Logistics Co., Ltd. ကို ၂၀၂၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး Ayeyar Hinthar Holdings နှင့် (E.F.R Group ၏ လက်အောက်ခံ ကုမ္ပဏီ) Unison Choice Services တို့၏ ဖက်စပ်လုပ်ငန်း ဖြစ်ပါသည်။ ပုသိမ် စက်မှု ဥယျာဉ် ရှိ Ayeyarwady International Industrial Port (AIIP) ကို စီမံခန့်ခွဲလျက်ရှိသော ကုမ္ပဏီသည် သိုလှောင်ရုံ နှင့်ကွန်တိန်နာ ဝန်ဆောင်မှုများ အပါအဝင် ကုန်စည် သယ်ယူ ပို့ဆောင်ရေးကို ဘက်စုံ ဆောင်ရွက်ပေးပါသည်။ မကြာသေးမီက တိုးချဲ့ခဲ့သော လုပ်ငန်း များတွင် ကိုယ်ပိုင် ထရပ်ကားများဖြင့် မြန်မာပြည် အနှံ့ ကုန်စည် ပို့ဆောင်ပေးခြင်း၊ ထိုင်းနိုင်ငံသို့ ရေယာဉ်များဖြင့် တင်ပို့ခြင်း လုပ်ငန်းများ ပါဝင်ပါသည်။ အဆိုပါ ဝန်ဆောင်မှုများကြောင့် သယ်ယူ ပို့ဆောင်ရေးမှစ၍ အကောက်ခွန် ရှင်းလင်းခြင်း၊ နောက်ဆုံး နေရာသို့ ပို့ဆောင်ခြင်းအထိ ကုန်စည် ထောက်ပံ့ ပို့ဆောင်ရေးကို ဘက်စုံမှ စီမံ ဖြေရှင်းနိုင်သော ကုမ္ပဏီ၏ စွမ်းဆောင်ရည် သည် တိုးမြင့်လာပါသည်။

## EFR LDC

E.F.R Group တွင်ပါဝင်သော Ever Flow River Logistics and Distribution Center (E.F.R LDC Mdy) ၂၀၂၂ ခုနှစ်မှစ၍ MIC ခွင့်ပြုမိန့် ရရှိပြီးသော ကုန်စည် ထောက်ပံ့ ပို့ဆောင်ရေး ပရောဂျက် တစ်ခု ဖြစ်ပါသည်။ ပြည်တွင်း နှင့် နိုင်ငံတကာ ဈေးကွက်များသို့ ကုန်စည် ပို့ဆောင်ခြင်း၊ အကောက်ခွန် ရှင်းလင်းခြင်း၊ သိုလှောင်ခြင်း၊ ကုန်တင်ကားများ စီစဉ်ပေးခြင်း ကဲ့သို့ ဘက်စုံ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေး ပါသည်။ ရာသီပေါ် သီးနှံများ ကဲ့သို့ စိုက်ပျိုးရေး ထွက်ကုန်များ၊ အထည်အလိပ်၊ ဆေးဝါးကဲ့သို့ ကုန်စည်များကို အထူးပြု ဆောင်ရွက်ပါသည်။ E.F.R LDC Mdy သည် အိမ်အရောက် ပို့ဆောင်ရေး FMCG ဝန်ဆောင်မှုများ ကိုလည်း တိုးချဲ့ ဆောင်ရွက်ပါသည်။ ရန်ကုန်ဆိပ်ကမ်း၌ အခြေချ၍ သိုလှောင်ရုံလုပ်ငန်း၊ LOLO နှင့် သင်္ဘောလိုင်းများ အတွက် ပြုပြင် ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက် ပါသည်။ ကုမ္ပဏီသည် အရည်အသွေးနှင့် ယုံကြည်စိတ်ချရသော ကုန်စည်ပို့ဆောင်ရေး ဖြစ်စေရန် ကတိပြု ဆောင်ရွက်ပါသည်။






# 8 STANDARD BUSINESS UNITS OF E.F.R.

## MEL

၂၀၁၉ ခုနှစ်မှ စ၍ Ever Flow River Group နှင့် ဖက်စပ် ဆောင်ရွက်ခဲ့သော Myanmar Elite Logistics (MEL) သည် လမ်းကြောင်းအမျိုးမျိုးဖြင့် ကုန်စည် ပို့ဆောင်ခြင်း၊ နယ်စပ် ဖြတ်ကျော် သယ်ယူ ပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ စာနှင့် ပါဆယ် ပို့ဆောင်ရေး ဝန်ဆောင်မှုများ နှင့် အကောက်ခွန် ရှင်းလင်းရေး အပါအဝင် ကုန်စည် ထောက်ပံ့ ပို့ဆောင်ရေးကို ဘက်စုံ ဆောင်ရွက်နိုင်ရန် ၂၀၂၂ ခုနှစ်တွင် နိုင်ငံ တကာသို့ လုပ်ငန်း ချဲ့ထွင် ခဲ့ပါသည်။ MEL ၏ ဘက်စုံ သယ်ယူ ပို့ဆောင်ရေးတွင် ပင်လယ် ရေကြောင်း၊ လေကြောင်း နှင့် ကုန်းလမ်းတို့ ပါဝင်ပြီး အကျိုး ထိရောက်၍ အလေအလွင့် နည်းပါးသော ပို့ဆောင်မှုများ ဖြစ်အောင် ဆောင်ရွက်ပါသည်။ နယ်စပ် ဖြတ်ကျော် သယ်ယူ ပို့ဆောင်မှုများတွင် အကောက်ခွန် ရှင်းလင်းမှုများကို ကျွမ်းကျင်စွာ ဆောင်ရွက်ပြီး ဒေသ တွင်း ကုန်သွယ်ရေး လွယ်ကူ အဆင်ပြေ စေရန် ပံ့ပိုး ဆောင်ရွက်ပေးပါသည်။ စာနှင့် ပါဆယ် ပို့ဆောင်ရေးတွင် အွန်လိုင်း လုပ်ငန်းများနှင့် လူပုဂ္ဂိုလ်များအတွက် လုံခြုံ စိတ်ချ ရပြီး ခြေရာခံနိုင်သော စနစ်များကို အသုံးပြု၍ ပစ္စည်းများကို ပို့ဆောင် ပေးပါသည်။ အကောက်ခွန် ရှင်းလင်းရေး လုပ်ငန်းတွင် စည်းကမ်း လိုက်နာပြီး လျင်မြန်သော လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ပါသည်။ စွမ်းဆောင်ရည် ကောင်းမွန်သော ဌာနများကို ဖွဲ့စည်းထားသောကြောင့် MEL သည် Customer စိတ်ကြိုက် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို နိုင်ငံတကာ အဆင့် အထိ ဆောင်ရွက်နိုင်ရန် ပြည်တွင်းရှိ ကျွမ်းကျင်သူများ နှင့် ပူးပေါင်း လုပ်ကိုင်ပါသည်။








## MES

EFR Group ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခုဖြစ်သော Multipack Engineering Services Limited (MES) သည် ကွန်တိန်နာ သယ်ယူ ပို့ဆောင်ရေး၊ ကုန်တင် ကုန်ချ အလုပ်သမားများ ရရှိအောင် ဆောင်ရွက် ပေးခြင်း၊ CFS အာမခံ သိုလှောင် ရုံ လုပ်ငန်းများကို အထူးပြု ဆောင်ရွက်ပါ သည်။ MES သည် မြို့ပြ အင်ဂျင်နီယာ လုပ်ငန်း၊ တယ်လီကွန်း ပရောဂျက်များ၊ အထည်ချုပ် လုပ်ငန်းများအတွက် ချိတ်များကဲ့သို့ တပ်ဆင်မှုများ၊ မြေညှိခြင်း ကဲ့သို့ အင်ဂျင်နီယာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်။ ထို့အပြင် MES သည် ပရောဂျက်များ လုပ်ငန်း ဖြစ်မြောက် နိုင်ခြေ ရှိ/မရှိ စစ်ဆေးခြင်း၊ စီမံခန့်ခွဲခြင်း နှင့် အကြံပေး ဝန်ဆောင်မှု များကိုလည်း ဆောင်ရွက်ပါသည်။ Customer များ၏ စိတ်ကျေနပ်မှု ရရှိစေရန် အထူး အလေးပေး၍ ကုမ္ပဏီ မြန်မာနိုင်ငံရှိ လုပ်ငန်းကြီးများအတွက် ယုံကြည် စိတ်ချရသော လုပ်ငန်းဖက် အဖြစ် ရပ်တည် လျက်ရှိပါသည်။


## MRTW

E.F.R. ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခုဖြစ်သော Myanmar Round the World Logistics Ltd. (MRTW Logistics) သည် ပြည်တွင်းနှင့် နိုင်ငံတကာ ကုန်စည် သယ်ယူ ပို့ဆောင်ရေးကို ဦးတည် ဆောင်ရွက် ပြီး၊ အထူး သဖြင့် လေကြောင်း သယ်ယူ ပို့ဆောင်ရေး ဝန်ဆောင်မှုများကို အလေးပေး ဆောင်ရွက်ပါသည်။ Saudia Airline (SV)၊ ANA ၊ Etihad ၊ Korea Air အပါအဝင် အခြား လေကြောင်း များ နှင့် လုပ်ငန်းဖက် ဖြစ်သော MRTW Logistics သည် လေကြောင်း လိုင်း အမျိုးမျိုး အတွက် ကုန်စည် အရောင်း အေးဂျင့် အဖြစ် ဆောင်ရွက်ပါသည်။ ကုမ္ပဏီသည် အများအားဖြင့် ဂျပန်၊ ဥရောပ နှင့် အမေရိက ရှိ အထည် အလိပ် ကုန်သည်များ အတွက် အကျိုး ထိရောက်၍ ယုံကြည် စိတ်ချရသော ကုန်စည် စီးဆင်းမှုဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါ သည်။









## UCS

E.F.R Group ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခုဖြစ်သော Unison Choice Services Ltd. (UCSL) သည် ၂၀၁၂ ခုနှစ်မှစ၍ နိုင်ငံတကာ အထည် အလိပ် နှင့် အထည်ချုပ် လုပ်ငန်းများအတွက် အဓိကကျသော ကုန်စည် သယ်ယူ ပို့ဆောင်ရေး ကုမ္ပဏီ အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ အာရှ ဒေသ အတွင်း ခရီးတို များ၊ ပင်လယ်ရေကြောင်း ခရီးများ ပြေးဆွဲပေးခြင်းကို အထူးပြု ဆောင်ရွက်သည့် UCSL သည် Customer စိတ်ကြိုက် ကုန်စည် သယ်ယူ ပို့ဆောင်ရေး ဝန်ဆောင်မှုများကို ဆောင်ရွက် ပေးပါသည်။ ၂၀၂၃ ခုနှစ် တွင် UCSL သည် လက်လီ ဈေးကွက် အတွက် အိမ်အရောက် ပို့ဆောင်ရေး ဝန်ဆောင်မှုများ နှင့် ကုန် အမှတ်တံဆိပ်ရှိသော client များအတွက် အာမခံရှိသော စာချုပ်စာတမ်းများဖြင့် သယ်ယူပို့ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်။ ကုမ္ပဏီသည် EU သို့ တင်ပို့မည့် ကုန်စည်များအတွက် ကွန်တိန်နာ များ ရပ်နားရာ စခန်း [Container Freight Station (CFS)] ဝန်ဆောင်မှုများ နှင့် ဖြန့်ချိရေး အတွက် အေးခဲ စနစ် ပါဝင်သော ကုန်တင်ကား ဝန်ဆောင်မှု ကိုလည်း ဆောင်ရွက်ပေး ပါသည်။

# ကျွန်ုပ်တို့၏ဝန်ဆောင်မှုများ



## နိုင်ငံတကာကုန်စည်သယ်ယူပို့ဆောင်ရေး

E.F.R သည် မြန်မာနိုင်ငံအပြင် အခြားနိုင်ငံများသို့ကုန်စည်များ သယ်ယူပို့ဆောင်ပေးခြင်း၊ နိုင်ငံတကာ အသိအမှတ်ပြု ကုန်စည် ပို့ဆောင်ရေး ကွန်ရက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ခိုင်မာအားကောင်းသော ဆက်ဆံရေးများ တည်ဆောက်ထားခြင်းမှတဆင့် နိုင်ငံတကာ ကုန်စည် သယ်ယူ ပို့ဆောင်ရေး ကဏ္ဍတွင် ကျွမ်းကျင်မှု နှင့် အတွေ့အကြုံ များစွာကို ရရှိခဲ့ပါသည်။

E.F.R က ဆောင်ရွက်လျက်ရှိသော ကုန်စည် သယ်ယူ ပို့ဆောင်ရေး အဓိက လမ်းကြောင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပင်လယ်ရေကြောင်းဖြင့် ကုန်စည်သယ်ယူပို့ဆောင်ခြင်း၊
- လေကြောင်းဖြင့် ကုန်စည်သယ်ယူပို့ဆောင်ခြင်း၊
- သတ်မှတ်နေရာမှ ဆက်လက် ပို့ဆောင်ခြင်းနှင့် နယ်စပ်ဒေသ ကုန်သွယ်ရေးအတွက် သယ်ယူပို့ဆောင်ခြင်း၊
- ပို့ဆောင်ရေး နည်းလမ်း တစ်ခု သို့မဟုတ် နည်းလမ်းများ အသုံးပြု၍ ပို့ဆောင်ခြင်း၊
- ကမ္ဘာအနှံ့အပြားရှိ နေရာများသို့ တစ်ဦးတည်း သီးသန့် နှင့် စုပေါင်း သယ်ယူပို့ဆောင်မှုများ၊
- သဘော်း စင်းလုံးငှားခြင်း၊ သီးသန့်ကုန်စည်များ ပေးပို့ခြင်း၊ ဆိပ်ကမ်း၌ ရပ်နားနေစဉ် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊
- ရေကြောင်း နှင့် လေကြောင်း အထည်အလိပ်၊ အဝတ်အစား သယ်ယူပို့ဆောင်ရေးများအတွက် သိုလှောင်ရေး ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ကွန်တိန်နာများ တည်ဆောက်ပေးခြင်း၊
- ပြည်တွင်း ပြည်ပ၌ ပစ္စည်းများကို အိမ်အရောက် ပို့ဆောင်ပေးခြင်း၊
- ကုန်စည်ပြပွဲများ ခင်းကျင်းပြသခြင်း နှင့်
- ကုန်စည်များကို စီမံခန့်ခွဲခြင်း (ဝယ်သူ စိတ်ကြိုက် ဆောင်ရွက်ပေးသော ပရောဂျက်များ)၊

ကျွန်ုပ်တို့သည် အောက်ပါအဖွဲ့အစည်းများ၏ အဖွဲ့ဝင်လည်းဖြစ်ပါသည်။

- MMMDA (Myanmar Mercantile Marine Development Association)
- MFAA (Myanmar International Freight Forwarder’s Association)
- UMFCCI (Union of Myanmar Federation of Chambers of Commerce and Industry)






## အကောက်ခွန်ရှင်းလင်းခြင်း

ကျွန်ုပ်တို့၏ အကောက်ခွန် ရှင်းလင်းရေး ကျွမ်းကျင်သူများကို အထူး လေ့ကျင့် သင်ကြား ပေးထားပြီး အောက်ပါ ဝန်ဆောင်မှုများကို ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့၏ customer များနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ပါသည်။

- ကုန်သွယ်ရေး နှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စာရွက်စာတမ်းများ ပြင်ဆင်ဆောင်ရွက်ခြင်း၊
- တန်ဖိုးဖြတ်ခြင်း၊ တွက်ချက်ခြင်း၊ အခွန်နှင့် အကောက်ခွန်များကဲ့သို့ အခွန်အခများပေးချေခြင်းကဲ့သို့ အကောက်ခွန် ရှင်းလင်းရေး လုပ်ငန်းစဉ်အတွက် မြန်မာ့ အကောက်ခွန်သို့ တင်ပြ ဆောင်ရွက်ခြင်း၊
- ဆိပ်ကမ်းများ၊ တာမင်နယ်လ်များတွင် ကုန်စည် အကောက်ခွန် ရှင်းလင်းရေး များ ဆောင်ရွက်ခြင်း၊
- ပြပွဲများအတွက် ကုန်စည်များကို အကောက်ခွန်ရှင်းလင်းခြင်း၊
- နယ်စပ်ဒေသ ကုန်သွယ်ရေးတွင် အကောက်ခွန်ရှင်းလင်းခြင်း၊
- ကုန်စည် တင်သွင်းခြင်းများအတွက် အခွန် ကင်းလွတ်ခွင့်များ ဆောင်ရွက်ပေးခြင်း၊
- အကောက်ခွန် ရှင်းလင်းရေးနှင့် သက်ဆိုင်သော အခြားလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊

အကောက်ခွန်အတွက် ချမှတ်ထားသော အင်တာဖေ့စ် နှင့် ကုန်သွယ်ရေး စည်းမျဉ်းများတွင် ကျွမ်းကျင်မှုရှိသောကြောင့် Customer များ၏ ကုန်စည်များကို သင့်လျော် သော အချိန်အတွင်း သက်သာသော ဈေးနှုန်းများဖြင့် ကျစ်လစ်စွာ သယ်ယူပို့ဆောင်နိုင်စွမ်း ရှိပါသည်။

# OUR SERVICES



## ကွန်တိန်နာသယ်ယူပို့ဆောင်ရေး

E.F.R သည် ကိုယ်ပိုင် ယာဉ်များကို အသုံးပြုရုံသာမက ပြင်ပမှ ဝန်ဆောင်မှုပေးသူများကို ငှားရမ်း၍ ကုန်းလမ်း၊ ရထားလမ်း၊ ပြည်တွင်း ရေကြောင်းလမ်း တို့ဖြင့် ကုန်စည် အမျိုးမျိုးကို မြန်မာနိုင်ငံ အတွင်းရှိ Customer များသို့ ပို့ဆောင် ပေးလျက် ရှိပါသည်။
Customer များ၏ လိုအပ်ချက်၊ အကြိုက် တို့အပေါ် မူတည်၍ နိုင်ငံတကာ အသိအမှတ်ပြု အာမခံ ကုမ္ပဏီများထံတွင် အာမခံ ထားရှိခြင်း၊ ခြေရာခံ နိုင်သော စနစ်များ ထားရှိပေးခြင်းဖြင့် အဆင့်မြင့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံတွင်လက်ရှိ အသုံးပြုလျက်ရှိသော သမာရိုးကျ သယ်ယူ ပို့ဆောင် ရေး စနစ်များ မှ ခွဲထွက်သော IT system ကို အသုံးပြုပါသည်။
E.F.R သည် Myanmar Container Truck Association (MCTA) တွင် အဖွဲ့ဝင် အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။



## သိုလှောင်ရုံနှင့် ဖြန့်ချိရေး

E.F.R group သည် Customer များ၏ ကုန်စည် သိုလှောင်မှု နည်းလမ်းများနှင့် ကိုက်ညီပြီး ယှဉ်ပြိုင်မှု ရှိသော ဈေးနှုန်းများဖြင့် ခေတ်မီ သိုလှောင်ရုံ စနစ်များ၊ ကုန်စည် စီမံခန့်ခွဲမှု စနစ်များကို ထောက်ပံ့ နိုင်စွမ်း ရှိပါသည်။ ထို့အပြင် EFR သည် နိုင်ငံတဝှမ်း ကုန်စည်များ ဖြန့်ချိနိုင်ရန် customer များကို သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် ကူညီ ဆောင်ရွက်ပေးနိုင်ပါသည်။



## ကုန်သွယ်ရေး

E.F.R သည် ပြည်တွင်း နှင့် နိုင်ငံတကာ ကုန်သွယ်ရေး ဆိုင်ရာ ငွေကြေး အရင်းအနှီး ကိစ္စများ၊ ပို့ကုန်/ သွင်းကုန် ဆိုင်ရာ ကိစ္စများတွင် ဗဟုသုတ ကြွယ်ဝပါသည်။ EFR တွင် နိုင်ငံတကာမှ အဆက်အသွယ်များ ပေါများပြီး ကျွမ်းကျင်သူများနှင့် ကွန်ရက်များ ချိတ်ဆက်ထား သောကြောင့် ဝယ်ယူသူများ၊ ရောင်းချသူများ နှင့် မိတ်ဆက် ဆောင်ရွက်ပေးနိုင်ပါသည်။ ကုန်သွယ်ရေး စည်းမျဉ်း၊ လုပ်ငန်းစဉ်အတိုင်း လမ်းညွှန်မှု ပြုသော ဝန်ဆောင်မှုများ နှင့် နိုင်ငံတကာ ကုန်သွယ်ရေး ဆိုင်ရာ ငွေကြေး အရင်းအနှီး၊ ဘဏ်လုပ်ငန်းတို့အတွက်လည်း ဝန်ဆောင်မှုများ ပေးအပ်နိုင်ပါသည်။



## စစ်ဆေးရေး

လတ်တလောတွင် မြန်မာနိုင်ငံ၏ အထည်ချုပ် လုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး “Made in Myanmar” ထုတ်ကုန်များတွင် ရေရှည် တည်တံ့သော နာမည် ဂုဏ်သတင်း၊ အရည်အသွေးများ ပြည့်ဝ စေရန် E.F.R သည် မြန်မာနိုင်ငံ၏ အထည်ချုပ် လုပ်ငန်းတွင် လိုအပ်နေသော အရည်အသွေး စစ်ဆေးမှုများကို ဖြည့်ဆည်းနိုင်ရန် အရည်အသွေး စစ်ဆေးမှု စင်တာကို ဖွင့်လှစ် အကောင် အထည် ဖော် ခဲ့ပါသည်။ ဂျပန် နိုင်ငံ၏ စံနှုန်းများကို အခြေခံ၍ စစ်ဆေးရေး လုပ်ငန်းစဉ်များကို ချမှတ် ထားပါသည်။
E.F.R. သည် အထည်ချုပ် လုပ်ငန်းများကို စစ်ဆေးသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်လျက် ရှိသည့် အပြင် နိုင်ငံတကာ အသိအမှတ်ပြု အသင်းအဖွဲ့များ၊ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ ကုန်သွယ်ရေး နှင့် ပို့ဆောင်ရေး ဆိုင်ရာ အခြား ကိစ္စများကို စစ်တမ်းကောက်ယူခြင်း၊ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

# OUR SERVICES



## ကုန်စည်ပို့ဆောင်ရေးနှင့်သက်ဆိုင်သောအင်ဂျင်နီယာလုပ်ငန်းများ

E.F.R သည် ပို့ကုန်/သွင်းကုန် Customer များနှင့် သင်္ဘော ကုမ္ပဏီများအတွက် ကုန်စည် အာမခံဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန် နိုင်ငံတကာ အာမခံ ကုမ္ပဏီများ နှင့် အေဂျင်စီများ ချိတ်ဆက် လုပ်ကိုင်လျက် ရှိပါသည်။ ထို့အပြင် E.F.R Group လက်အောက်ရှိ ကုန်စည် ပို့ဆောင်မှု နည်းလမ်း အမျိုးမျိုး အတွက် အာမခံများကို အကန့်အသတ်ဖြင့် ဝယ်ယူထားသောကြောင့် customer များအားလုံးအတွက် ဆုံးရှုံးနိုင်ခြေကို ကာမိစေရန် ပြင်ဆင်ပြီး ဖြစ်ပါသည်။ Logistics Engineering Unit တွင် ရရှိနိုင်သော ဝန်ဆောင်မှုများမှာ -

- ကုန်စည် သယ်ယူပို့ဆောင်ရေးအတွက် ထုပ်ပိုးမှု ဒီဇိုင်းနှင့် တည်ဆောက်မှု အမျိုးမျိုး၊
- ချိတ်များ နှင့် စတီးလ် တည်ဆောက်မှု လုပ်ငန်းများ၊
- စက်ရုံများ၊ အလုပ်ရုံများ တည်ဆောက်ခြင်း၊ (ဒီဇိုင်းနှင့် တပ်ဆင်ရေး) ပရောဂျက်များကို စီမံခန့်ခွဲခြင်း နှင့် ကုန်စည် ထောက်ပံ့ ပို့ ဆောင်ရေး အခြေခံ အဆောက်အအုံများကို ဖြည့်ဆည်းပေးခြင်း၊
- စက်ပစ္စည်း၊ အီလက်ထရောနစ် ပစ္စည်းများနှင့် ပိုက်များ၏ ဒီဇိုင်းနှင့် တပ်ဆင်ခြင်း၊
- အရွယ်အစား ကြီးမားသော ကုန်စည်များကို သယ်ယူပို့ဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊
- ထိန်းသိမ်းမှု လုပ်ငန်းများ ဖြစ်ပါသည်။

Customer များ စိတ်ကျေနပ်မှု ရရှိစေရန် နည်းပညာ နှင့် စက်ကိရိယာများ အသုံးပြု၍ လိုအပ်သော ဝန်ဆောင်မှုများ ဆောင်ရွက်ရန် အတွက် ကျွန်ုပ်တို့၏ Team တွင် အရည်အချင်း ပြည့်ဝသော အင်ဂျင်နီယာများကို ခန့်အပ်ထားပါသည်။

## ကုန်စည်ပို့ဆောင်မှု အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး



အလျင်အမြန် ကြီးထွားနေသော မြန်မာနိုင်ငံ၏ ဈေးကွက်ကို ရင်ပေါင်တန်းနိုင်ပြီး ပွားများလာမည့် Customer အရေအတွက်အတိုင်း အချိန်နှင့် တပြေးညီ စီမံဖြေရှင်းနိုင်ရန်အတွက် ကျွန်ုပ်တို့သည် Customer များ၏ အမှာစာများကို ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည့် အစီအမံများကို ချမှတ်ရန် လိုအပ်ပါသည်။

EFR သည် ကုန်စည်များကို ထုတ်လုပ်သူ၏ စက်ရုံမှ သုံးစွဲသူ၏ နေအိမ်သို့ အရောက် ပို့ဆောင်ရန် သယ်ယူ ပို့ဆောင်ရေး ဝန်ဆောင်မှု အမျိုးမျိုးကို အသုံးပြု၍ ကုန်စည် စီးဆင်းမှု ကွင်းဆက်တစ်လျှောက်လုံးတွင် Customer အမျိုးမျိုးအတွက် အလုံးစုံ ဝန်ဆောင်မှုကို ဆောင်ရွက် ပေးပါသည်။ ဝယ်သူဘက်မှ ငွေပေးချေရသော ပို့ဆောင်ရေး စနစ်များ၊ လိုင်စင်နှင့် အကောက်ခွန် ရှင်းလင်းရေး၊ အာမခံ၊ ရေကြောင်း၊ လေကြောင်း သယ်ယူ ပို့ဆောင်ရေး၊ ကုန်တင်ကုန်ချ လုပ်သားများ စီစဉ်ပေးခြင်း၊ ကုန်းလမ်း၊ ရထားလမ်း၊ ရေလမ်းတို့ဖြင့် ပြည်တွင်း သယ်ယူ ပို့ဆောင်ရေး၊ သိုလှောင်ရုံ နှင့် ဖြန့်ချိရေး ဝန်ဆောင်မှုများ ပါဝင်ပါသည်။ E.F.R သည် မြန်မာနိုင်ငံတွင် ကုန်စည်ထောက်ပံ့ ပို့ဆောင်ရေးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ရုံသာမက တာမင်နယ်လ်များ၊ ကုန်းတွင်းဆိပ်များ၊ ICD များ၊ သိုလှောင်ရုံများ၊ ကုန်တင်ကားများ ကဲ့သို့ ကုန်စည်ပို့ဆောင်ရေး ဆိုင်ရာ အခြေခံ အဆောက်အအုံများကို စီမံခန့်ခွဲသူ အဖြစ်လည်း ဆောင်ရွက်ပါသည်။

မြန်မာနိုင်ငံ၏ ကုန်စည် ထောက်ပံ့မှု ကွင်းဆက် နှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည့် ဦးဆောင် လုပ်ငန်းစုဖြစ်သော EFR သည် စီးပွားရေး ဖွံ့ဖြိုးမှု အလားအလာ ကောင်းများနှင့် အတူလိုက်ပါ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရှိ ကုန်စည် ထောက်ပံ့ ပို့ဆောင်ရေး ဆိုင်ရာ အခြေခံ အဆောက်အအုံများကို နိုင်ငံတဝန်းလုံး ဖွံ့ဖြိုးစေရန် မျှော်မှန်း၍ အစီအစဉ် ရေးဆွဲထားပါသည်။

EVER FLOW RIVER GROUP
PUBLIC CO., LTD.



## CUSTOMERS များသည်သာ အဓိက

ကျွန်တော်တို့ရဲ့ အတွေးတွေ၊
လုပ်ဆောင်မှုတွေတိုင်းမှာ customers တွေရဲ့
လိုအပ်ချက်ကို အဓိကထားတဲ့အတွက် ၊
ကျွန်တော်တို့ဟာ ရလဒ်ကိုရှေးရှုတဲ့ပုံစံနဲ့
စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးနေပါတယ်။

KYAW LWIN OO



**KYAW LWIN OO**

**Chairman of E.F.R Group**

EVER FLOW RIVER GROUP
PUBLIC CO., LTD.

# BOARD OF DIRECTORS



Mr Kyaw Lwin Oo

Executive Chairman



Mr Maung Maung Oo

Executive Vice-Chairman



Mr Than Aung

Executive Director



Mrs Khin Sone

Executive Director



Mr Than Aung

Independent Director



Mr Min Sein

Independent Director



Dr Hla Theingi

Independent Director

# OUR TRUSTED PARTNERS



- MOL LOGISTICS
- EVER GREEN MARINE CORP
- OCEAN NETWORK EXPRESS
- COSCO SHIPPING LINE
- CMA CGM
- NANKAI AGL MYANMAR
- GOLDEN LAND EXPRESS
- CONNEXT SHIPPING PTE.Ltd
- CARRIER KING
- SINOKOR HONGKONG
- T.S.Lines Co.,Ltd.

# စည်းကမ်းလိုက်နာခြင်းနှင့်စီမံအုပ်ချုပ်မှု

ရန်ကုန် စတော့ခ် အိတ်စ်ချိန်းဝင် ကုမ္ပဏီဖြစ်သော As a Yangon Stock Exchange-listed company, EFR Group သည် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု နှင့် စည်းမျဉ်း စည်းကမ်းလိုက်နာမှုတို့ကို အမြင့်ဆုံး စံနှုန်း၌ ထားရှိ ထိန်းသိမ်းရန် ကတိပြုပါသည်။ ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်မှု မူဘောင်အရ အောက်ပါအတိုင်း အတည်ပြု ဆောင်ရွက်ပါသည်။



## အစုရှယ်ယာရှင်များသို့ ကတိပြုမှု

- ကျွန်ုပ်တို့သည် ပွင့်လင်း မြင်သာမှု, ကျင့်ဝတ် နှင့်ညီသော အပြုအမူများ ကို အလေးထားပြီး အစုရှယ်ယာရှင် များ၏ အကျိုးစီးပွားကို ကာကွယ်ရန် တာဝန်ယူမှု ရှိသော ဆုံးဖြတ်ချက် များကို ချမှတ်ပါသည်။
- ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် လုပ်ငန်းများကို စဉ်ဆက် မပြတ် တိုးတက် အောင် ဆောင်ရွက်ရန်၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှုကို တိုးပွား အောင် ဆောင်ရွက်ရန် နှင့် အမြတ်ဝေစု များကို အချိန် နှင့် တပြေးညီ ခွဲဝေ ပေးရန် ဖြစ်ပါသည်။




## စည်းမျဉ်းစံနှုန်းများကို လိုက်နာဆောင်ရွက်မှု

- EFR Group သည် Yangon Stock Exchange နှင့် အခြား သက်ဆိုင်ရာ အဖွဲ့အစည်း များက ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများ အားလုံးကို အတိအကျ လိုက်နာ ဆောင်ရွက် ပါသည်။
- လုပ်ငန်း နှင့် သက်ဆိုင်သော ဥပဒေ၊ စည်းမျဉ်းများ၊ ကုမ္ပဏီ ပေါ်လစီများ၊ ဥပဒေ စံနှုန်းများကို စဉ်ဆက် မပြတ် လိုက်နာ မှု ရှိစေရန် compliance team ကို ဌာနအတွင်း ခိုင်မာစွာ ဖွဲ့စည်း ထားရှိပါသည်။



## ကော်ပိုရိတ် တာဝန်များ နှင့် ကျင့်ဝတ်နှင့်ညီသော လုပ်ငန်းစဉ်များ

- လူမှုရေးရာ ဆောင်ရွက်ချက်များ [corporate social responsibility (CSR)] လှုပ်ရှားမှုများ၊ ရေရှည် တည်တံ့ ရေးအတွက် လုပ်ငန်းစဉ် များကို ကျွန်ုပ်တို့၏ လုပ်ငန်းများ တွင် ထည့်သွင်း ဆောင်ရွက်လျက် ရှိပါ သည်။
- မျှတ မှု ရှိသော၊ ပွင့်လင်းမြင်သာ သော၊ တာဝန် ခံယူမှု ရှိသော ရေရှည် တိုးတက်မှုကို ရရှိစေရန် ကျင့်ဝတ် စည်းကမ်းနှင့် ညီညွတ် သော စီမံအုပ်ချုပ်မှု သည် ကျွန်ုပ်တို့ လုပ်ငန်း၏ ဗဟို ချက် ဖြစ်ပါသည်။



## ဒါရိုက်တာအဖွဲ့ နှင့် တာဝန်ခံယူမှု

- ကျွန်ုပ်တို့၏ ဒါရိုက်တာ အဖွဲ့သည် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှု နှင့် ဆုံးရှုံး နိုင်ခြေများ စီမံခန့်ခွဲမှု ဗျူဟာများ ကို သုံးသပ် အကဲဖြတ် ရာတွင် အဓိက နေရာမှ ဆောင်ရွက် ပါသည်။.
- လုပ်ငန်း ဆောင်ရွက်မှု အားလုံး တွင် တာဝန်ခံယူမှု၊ ပွင့်လင်း မြင်သာမှု ရှိစေရန် အတွက် အစုရှယ်ယာရှင် များ၊ အကျိုး သက်ဆိုင်သူများ နှင့် ပွင့်လင်း မြင်သာစွာ ဆက်သွယ် ဆောင်ရွက် ပါသည်။




## ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲခြင်း

- EFR သည် ဘဏ္ဍာရေး၊ လုပ်ငန်း လည်ပတ်မှု၊ ဥပဒေ၊ စည်းမျဉ်း လိုက်နာမှု တို့တွင် ဆုံးရှုံးနိုင်ခြေ များ လျော့နည်းစေရန် ဆုံးရှုံးနိုင် ခြေကို အလုံးစုံ စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်ကို ချမှတ် အကောင် အထည် ဖော်လျက် ရှိပါသည်။
- လုပ်ငန်းများကို ပုံမှန် စစ်ဆေးခြင်း၊ အကဲဖြတ် မှုများ ဆောင်ရွက်ခြင်း ဖြင့် ဖြစ်ပေါ် ရန် အလားအလာရှိ သောဆုံးရှုံးနိုင်ခြေများကို သတ်မှတ် ဖော်ထုတ် နိုင်ပြီး ကုမ္ပဏီ၏ အနာဂတ် နှင့် အကျိုး သက်ဆိုင်သူများ၏ အကျိုးစီးပွား များကို ကာကွယ် စောင့်ရှောက်ရာ ရောက်ပါ သည်။








# CSR လှူပ်ရှားမှုများ

## 2024

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၈ ရက်တွင် E.F.R သည် နေပြည်တော်ရှိ ဗူးအိုင်၊ ဘုရားကုန်း၊ ရသေ့ဆိပ်၊ သပြေကုန်း နှင့် ဇီးပင်တန်း ကျေးရွာများရှိ ရေဘေးသင့် ပြည်သူများသို့ အကူအညီ ပစ္စည်းများ ထောက်ပံ့ခဲ့ပါသည်။ ဆိုးရွားသော သဘာဝ ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်ရန်အတွက် အများပြည်သူကို ကူညီဆောင်ရွက်ပေးမည် ဟု ကတိ ပြုထားသည့် အတိုင်း အရေးကြီး အသုံးအဆောင် ပစ္စည်း များ ကို ပေးအပ် လှူဒါန်းရန် ကျွန်ုပ်တို့၏ E.F.R. Team သည် အဖွဲ့လိုက်သွားရောက် ကူညီပေးခဲ့ပါသည်။ ခက်ခဲသော ကာလအတွင်း အကူ အညီ လိုအပ်လျက်ရှိသော ပြည်သူများနှင့် တသားတည်း ရှိကြောင်း ပြသသည့် အနေဖြင့် ဆောင်ရွက်သော ကုမ္ပဏီ၏ လှုပ်ရှားမှုများသည် လူမှုတာဝန်များကို အစဉ်တစိုက် ဆောင်ရွက်ရန် ကတိပြုထားသည့် ကုမ္ပဏီ၏ သန္နိဋ္ဌာန်နှင့် ကိုက်ညီမှုရှိပါသည်။

# CONTACT US

## ADDRESS

7A, 7th Floor, E.F.R Building,
No. 941, Corner of Shukhintha Myopat Road and Myoma 11th Street, North 4th Ward, Thaketa Township, Yangon Region.

## PHONE

+95 9 889948890 | +95 1 9544076 | +95 1 9544077

## EMAIL

info@efrgroupmm.com

## WEBSITE

www.efrgroupmyanmar.com

## SOCIAL

